## အပိုင်း - ၇.၆

# စုပေါင်းသက်ရောက်မှုနှင့်ပတ်သက်၍ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းကဏ္ဍနှင့်ပတ်သက်သော အုပ်စု၊ အဖွဲ့အစည်းများသို့ အကြံပြုချက်များ

### ၁။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၊ ပြည်ထောင်စုအစိုးရ၊ ကုမ္ပဏီများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အတူတကွပူးပေါင်း၍ ဖြစ်နိုင်ဖွယ်ရှိသော စုပေါင်းသက်ရောက်မှုများအား တားဆီးရန် (သို့မဟုတ်) လျှော့ပါးစေရန် အစီအစဉ်များ ရေးဆွဲဆောင်ရွက်သင့်သည်။

ဆက်စပ်သက်ရောက်မှုများသည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကြောင့် သက်ရောက်လာနိုင်ဖွယ်အဆင့်ကို ကြိုတင်မျှော်မှန်း၍ လုပ်ဆောင်ထားသင့်ကြောင်း SWIA တွင် မီးမောင်းထိုးပြထားသည်။ ပြည်ထောင်စုအဆင့်နှင့် ဒေသအဆင့်တွင် တခြားသောလုပ်ငန်းကဏ္ဍများနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာသောကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုကိုလည်း သက်ရောက်နိုင်သည်။ သဘာဝသယံဇာတစီမံကိန်းများကြောင့် ဆက်စပ်သက်ရောက်မှု၏ ဖြစ်လာနိုင်သည့်အန္တရာယ်များကို သတ်မှတ်၍ ၎င်းတို့အား စွမ်းအင်မူဝါဒ၊ စွမ်းအင်ဆိုင်ရာ မဟာဗျူဟာစီမံကိန်း (Energy Master Plan) နှင့် သဘာဝသယံဇာတ မူဝါဒတို့တွင် ထည့်သွင်းကျင့်သုံးရန် လိုအပ်သည်။ ထိုဆက်စပ်သက်ရောက်မှုများကို တားဆီးရန်နှင့် လျှော့ပါးစေရန် ကြိုတင်၍ တက်ကြွစွာဆောင်ရွက်ရန် လိုအပ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ကုမ္ပဏီများပါဝင်သော စုပေါင်းလုပ်ငန်းစဉ်များ လိုအပ်သည်။ ဖြစ်နိုင်လျှင် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ/ပြည်ထောင်စုအစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF) နှင့် တခြားသော ဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

#### လက်တွေ့အကောင်အထည်ဖော်ရန်အတွက် အဓိကအချက်များ

- ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ/ပြည်ထောင်စုအစိုးရများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန (MOECAF) (တခြားသော သက်ဆိုင်သည့် ဝန်ကြီးဌာနများ) နှင့် ကုမ္ပဏီများကြားစုပေါင်းသက်ရောက်မှုများ ဖြစ်လာနိုင်ဖွယ်ရှိသည့်နယ်မြေများကို သတ်မှတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။
- စံနှုန်းထားနှင့်ကိုက်ညီသည့်ပုံစံများ သတ်မှတ်ထားရှိနိုင်ရန်၊ လုပ်ငန်းများ လွယ်ကူစွာဆောင်ရွက်နိုင်ရန် အထူးသဖြင့် ကမ်းလွန်ဆိုက်စမစ် (seismic) လုပ်ငန်းများကဲ့သို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းအများအားတစ်နေရာတည်းတွင် လုပ်ဆောင်သောနေရာဒေသများတွင် ကနဦးလေ့လာဆန်းစစ်မှုများပြုလုပ်ရန် လိုအပ်ပြီးတွေ့ရှိချက်များအားလည်း အစိုးရထံ ပေးပို့ရန် လိုအပ်သည်။
- ဆက်စပ်သည့်နယ်မြေများတွင် ပြုလုပ်မည့် စီမံကိန်းအဆင့် ESIA အစီအစဉ်များကို ဝေမျှခြင်းများပြုလုပ်ရန်။ ထိုသို့ဝေမျှခြင်းကြောင့် ESIA အတွက် အဓိက မီးမောင်းထိုးပြထားသော စိုးရိမ်ချက်များကို သတ်မှတ်ရန် အကူအညီဖြစ်စေမည်။ ထိုစိုးရိမ်ချက်များသည် ဖြစ်လာနိုင်ဖွယ်ရှိသော ဆက်စပ်သက်ရောက်မှုအား ညွှန်ပြရာ (indicator) တစ်ခု ဖြစ်လာနိုင်သည်။ နီနီးကပ်ကပ် (သို့မဟုတ်) ပူးပေါင်းလုပ်ဆောင်သည့် ESIA ဆန်းစစ် လေ့လာချက်များတွင် ဆက်စပ်သက်ရောက်မှုသည် ထိရောက်သေချာစွာ ဆောင်ရွက်နိုင်ရေးအတွက် ရွေးချယ်စရာ နည်းလမ်း တစ်ခုလည်း ဖြစ်လာနိုင်သည်။ ၎င်းတို့မှာ ဒေသဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရဌာနများ၏ လုပ်ငန်းအစိတ်ပိုင်းများကို စီမံဆောင်ရွက်ရန်အတွက် စွမ်းဆောင်ရည် တစ်ခုအဖြစ်လည်း အထောက်အကူဖြစ်နိုင်သည်။

၇

၇.၆

- ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍနှင့် ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရာ တွင်လူပုဂ္ဂိုလ်ပြောင်းလဲ ဆွေးနွေးခြင်းမရှိဘဲ အမြဲတစေမေးမြန်းဆွေးနွေးပြီး ပုဂ္ဂိုလ်များအား အထပ်ထပ်အခါခါ ဆွေးနွေးညှိနှိုင်းမှုမျိုးကို ရှောင်ရှားရန်နှင့် ပူးပေါင်းဆောင်ရွက်သည့် ချဉ်းကပ်မှု (coordinated approach) မျိုးကိုရွေးချယ်ရန်လိုသည်။ ထိုသို့လုပ်ဆောင်ရာတွင် ပါဝင်ပတ်သက်သူများ၏ ဆက်စပ်သက်ရောက်မှုနှင့်ပတ်သက်သော အကြီးမားဆုံးသော စိုးရိမ်ချက်များကို အတူတကွ အဖြေရှာဆောင်ရွက်ရန်၊ လူမှုရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံ မှုများ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (social joint investment Programme) များကို ထည့်သွင်းသင့်သည်။